# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်။

(၁၉၇၃ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်။)

အောက်ဖော်ပြပါဥပဒေကိုထုတ်ပြန်ကြေညာသည်။

## ၁၉၇၃ ခုနှစ်၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေး ကော်မီရှင်ဥပဒေ

[၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂၀။]

## နိဒါန်း

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)ကို ပြည်သူတို့၏ ဆန္ဒသဘောထား၊ အကြံပေးချက်များအပေါ် အခြေခံ၍ ပြည်သူတို့ကိုယ်တိုင်ပါဝင်ရေးဆွဲခဲ့ပေသည်။ ပြည်သူတို့ရေးဆွဲခဲ့သော ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကိုပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် ပြည်သူတို့က အတည်ပြု ပြဋ္ဌာန်းမည်ဖြစ်ပေသည်။ ယင်းသို့အတည်ပြုပြဋ္ဌာန်းမည့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်သို့ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် ကြိုတင် ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီက အောက်ဖော်ပြပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁

## အမည်၊ အာဏာတည်သည့်နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ

အမည်နှင့် အာဏာတည်သည့် နေ့ရက်။

၁။ (၁) ဤဥပဒေကို ၁၉၇၃ ခုနှစ်၊ ပထမအကြိမ်ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မီရှင် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည် ပြည်ထောင်စု မြန်မာနိုင်ငံ တဝန်းလုံးတွင် ချက်ခြင်း အာဏာတည်ရမည်။

အဓိပ္ပာယ်ဖော်ပြချက်များ

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။

**၁။ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ ဆိုသည်မှာ ၁၉၇၃ ခုနှစ်၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်း ဆိုင်ရာဥပဒေကိုဆိုသည်။**

၂။ **ကော်မီရှင်** ဆိုသည်မှာ ပုဒ်မ ၃ အရ ဖွဲ့စည်းထားသော ၁၉၇၃ ခုနှစ်၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မီရှင်ကို ဆိုသည်။

၃။ **ကော်မီရှင်အဖွဲ့ခွဲများ** ဆိုသည်မှာ ပုဒ်မ ၃ အရ ဖွဲ့စည်းထားသော ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေး ပြည်နယ် ကော်မီရှင်အဖွဲ့ခွဲ၊ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲကျင်းပရေး တိုင်းကော်မီရှင်အဖွဲ့ခွဲ၊ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲကျင်းပရေး မြို့နယ်ကော်မီရှင်အဖွဲ့ခွဲ၊ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေး ရပ်ကွက် ကော်မီရှင် အဖွဲ့ခွဲနှင့် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ် တင်မြှောက်ပွဲ ကျင်းပရေး ကျေးရွာအုပ်စု ကော်မီရှင်အဖွဲ့ခွဲတို့ကို စုပေါင်း၍ ဆိုသည်။

၄။ **ပြည်သူ့ကောင်စီ အဆင့်ဆင့်** ဆိုသည်မှာ ပြည်နယ် ပြည်သူ့ကောင်စီ တိုင်းပြည်သူ့ကောင်စီ၊ မြို့နယ် ပြည်သူ့ကောင်စီ၊ ရပ်ကွက်ပြည်သူ့ကောင်စီနှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီတို့ကိုဆိုသည်။

၅။ **ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်** ဆိုသည်မှာ ပြည်သူ့လွှတ်တော်သို့ ရွေးချယ် တင်မြှောက်ခြင်း ခံရသော ပုဂ္ဂိုလ်တဦးကိုဆိုသည်။

၆။ **ပြည်သူ့ ကောင်စီဝင်** ဆိုသည်မှာ ပြည်သူ့ကောင်စီ အဆင့်တခုခုသို့ ရွေးချယ် တင်မြှောက်ခြင်း ခံရသော ပြည်သူ့ ကိုယ်စားလှယ် တဦးကို ဆိုသည်။

၇။ **ပြည်သူ့ ကိုယ်စားလှယ်** ဆိုသည်မှာ ပြည်သူ့လွှတ်တော်၊ သို့မဟုတ် ပြည်သူ့ကောင်စီအဆင့် တခုခုသို့ ရွေးချယ် တင်မြှောက်ခြင်း ခံရသော ပုဂ္ဂိုလ်တဦးကိုဆိုသည်။

၈။ **ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်** ဆိုသည်မှာ ပထမအကြိမ် လေးနှစ် သက်တမ်း ကာလအတွက် ဖွဲ့စည်းသော ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်တို့ကို ဆိုသည်။

၉။ **အသိအမှတ်ပြုလွှာ** ဆိုသည်မှာ ရွေးချယ် တင်မြှောက်ပွဲ တခုတွင် ပြည်သူ့ ကိုယ်စားလှယ် တဦးအဖြစ် ဥပဒေနှင့်အညီ ရွေးချယ်တင်မြှောက်ခြင်း ခံရကြောင်း၊ ကော်မီရှင်၊ သို့မဟုတ် ကော်မီရှင်အဖွဲ့ခွဲ တခုခုက ပြည်သူ့ကိုယ်စားလှယ် တဦးသို့ ထုတ်ပေးသော အထောက်အထား တခုကိုဆိုသည်။

၁၀။ **အထ မြောက်သော ရွေးချယ် တင်မြှောက်ပွဲ** ဆိုသည်မှာ ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃၁ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်သည်။

၁၁။ **ကော်မီရှင် အဖွဲ့ခွဲ၏ ဆောင်ရွက်ချက်များနှင့် အခြေအနေအရင်းရပ်** ဆိုသည်မှာ ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများအရ

ကော်မီရှင် အဖွဲ့ခွဲများက တင်သွင်းရမည့် ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်သော အစီရင်ခံစာ ပုံစံတွင် ဖော်ပြထားသည့် ဆောင်ရွက်ချက်များနှင့် အခြေအနေများကို ဆိုသည်။

## အခန်း ၂

## ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မီရှင်နှင့် ကော်မီရှင်အဖွဲ့ခွဲများ ဖွဲ့စည်းခြင်း

ကော်မီရှင်နှင့် ကော်မီရှင် အဖွဲ့ခွဲများဖွဲ့စည်းခြင်း။

၃။ ။(၁) ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်သို့ ပြည်သူ့ ကိုယ်စားလှယ်များကို ရွေးချယ် တင်မြှောက်နိုင်ရန် အတွက် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ် တင်မြှောက်ပွဲ ကျင်းပရေး ကော်မီရှင်ကို ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီက ကျေညာချက် ထုတ်ပြန်၍ သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းရမည်။

(၂) ကော်မီရှင်သည် အောက်ပါ ကော်မီရှင် အဖွဲ့ခွဲများကို သင့်လျော်သော နိုင်ငံသားများဖြင့် လိုအပ်သလို ဖွဲ့စည်းရမည်—

(၁) ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေး ပြည်နယ် ကော်မီရှင် အဖွဲ့ခွဲ၊ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေး တိုင်းကော်မီရှင် အဖွဲ့ခွဲ။

(၂) ပြည်သူ့ လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ် တင်မြှောက်ပွဲ ကျင်းပရေး မြို့နယ်ကော်မီရှင် အဖွဲ့ခွဲ။

(၃) ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေး ရပ်ကွက်ကော်မီရှင် အဖွဲ့ခွဲ၊ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲကျင်းပရေး ကျေးရွာအုပ်စု ကော်မီရှင် အဖွဲ့ခွဲ။

(၃) ကော်မီရှင်သည် ပုဒ်မခွဲ ၂၊ အပိုဒ် ၁ ပါလုပ်ပိုင်ခွင့်မှတပါး၊ ယင်းပုဒ်မခွဲ အပိုဒ် ၂ နှင့် ၃ ပါကော်မီရှင် အဖွဲ့ခွဲများ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ တဆင့်နိမ့်သော ကော်မီရှင် အဖွဲ့ခွဲများအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

(၄) ကော်မီရှင်နှင့် ကော်မီရှင်အဖွဲ့ခွဲ အသီးသီးတွင် ဥက္ကဋ္ဌ တဦးနှင့် အတွင်းရေးမှူးတဦးကျစီကို ယင်းတို့၏ အဖွဲ့ဝင်များထဲမှ ယင်းတို့အား ဖွဲ့စည်းပေးသော သက်ဆိုင်ရာ အဖွဲ့အစည်းများကခန့်ထားရမည်။

(၅) ကော်မီရှင်နှင့် ကော်မီရှင်အဖွဲ့ခွဲ အသီးသီးတို့သည် ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေနှင့် ယင်းဥပဒေအရ ပြဋ္ဌာန်းသည့် နည်းဥပဒေများ၊ အမိန့်၊ အမိန့်

ကြေညာစာများ၊ ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်ရာတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

**ကော်မရှင်အဖွဲ့ခွဲတွင် ပါဝင်သူနှင့် ပတ်သက်သည့် တားမြစ်ချက်။**

၄။ ။ကော်မရှင် အဖွဲ့ခွဲများတွင် ပါဝင်သော ပုဂ္ဂိုလ်များသည် မိမိကိုယ်တိုင် အရွေးခံမည့် မဲဆန္ဒနယ်တခုခု၌ ပါဝင်ကြီးကြပ်ခြင်း မပြုရ။

**ကော်မရှင်နှင့် အဖွဲ့ခွဲများ၏ သက်တမ်း။**

၅။ ။(၁) ပုဒ်မ ၃ အရ ဖွဲ့စည်းထားသော ကော်မရှင်၏ သက်တမ်းသည် ယင်းနှင့် သက်ဆိုင်သော ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းများ ပြီးဆုံး၍၊ ယင်းလုပ်ငန်းများနှင့် ပတ်သက်သော အစီရင်ခံစာကို ပထမ အကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တင်သွင်းပြီးသည့် အချိန်၌ ကုန်ဆုံးစေရမည်။

(၂) ပုဒ်မ ၃ အရ ဖွဲ့စည်းထားသော ကော်မရှင်အဖွဲ့ခွဲ အသီးသီး၏ သက်တမ်းသည် ယင်းနှင့် သက်ဆိုင်သော ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းများ ပြီးဆုံး၍ ယင်းလုပ်ငန်းများနှင့် ပတ်သက်သော အစီရင်ခံစာကို သက်ဆိုင်ရာ ကော်မရှင်၊ သို့မဟုတ် ကော်မရှင် အဖွဲ့ခွဲသို့ တင်သွင်းပြီးသည့် အချိန်၌ ကုန်ဆုံးစေရမည်။

## အခန်း ၃

## ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

**ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ။**

၆။ ။ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

၁။ ကော်မရှင် အဖွဲ့ခွဲများအား ဥပဒေနှင့်အညီ လမ်းညွှန်ခြင်း၊ ကြီးကြပ် ကွပ်ကဲခြင်း။

၂။ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များကို ဥပဒေနှင့်အညီ သတ်မှတ်ကြေညာခြင်း။

၃။ ရွေးချယ် တင်မြှောက်ပွဲ မကျင်းပနိုင်သည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များကို ဖျက်သိမ်းကြောင်း ကြေညာခြင်း။

၄။ ပြည်နယ် ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များ၊ တိုင်းပြည်သူ့ကောင်စီ မဲဆန္ဒနယ်များ သတ်မှတ်ခြင်းနှင့် ဖျက်သိမ်းခြင်းကို အတည်ပြုခြင်း။

၅။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်တို့အတွက် ရွေးချယ် တင်မြှောက်ပွဲများ ကျင်းပမည့်နေ့ရက်၊ သို့မဟုတ် နေ့ရက်များကို ဥပဒေနှင့်အညီ သတ်မှတ်ကြေညာခြင်း။

၆။ ပြည်သူ့ ကိုယ်စားလှယ်များ ရွေးချယ် တင်မြှောက်ရေး အတွက် ဥပဒေနှင့်အညီ လမ်းညွှန်ခြင်း၊ ကြီးကြပ် ကွပ်ကဲ ခြင်း။

၇။ ရွေးချယ် တင်မြှောက်ပွဲများ ကျင်းပရေးနှင့် ပတ်သက်သမျှ သောစာရင်း ဇယားများ ပြုစုရေးအတွက် လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း။

၈။ ရွေးချယ် တင်မြှောက်ပွဲများ ကျင်းပရာတွင် ကော်မရှင်နှင့် ကော်မရှင် အဖွဲ့ခွဲ အသီးသီးက အသုံးပြုမည့် ပုံစံများ၊ တံဆိပ်များ၊ ဆန္ဒမဲပြားများ၊ ဆန္ဒမဲ, လက်မှတ်များနှင့် အသိအမှတ်ပြုလွှာများ စသည်တို့ကို သတ်မှတ် ထုတ်လုပ် ဖြန့်ဝေခြင်း၊ မဲရုံနှင့် မဲပုံး ပြုလုပ်နည်းများကို သတ်မှတ်ပေး ခြင်း။

၉။ မြို့နယ် ကော်မရှင် အဖွဲ့ခွဲများက တင်ပြသည့် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်လောင်း အမည် စာရင်းကို ထုတ် ပြန်ကြေညာခြင်း။

၁၀။ ဥပဒေနှင့်မညီညွတ်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် လောင်း အမည်ကို ပယ်ဖျက်ခြင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်သစ်ကို သက်ဆိုင်ရာ မဲဆန္ဒ နယ်အတွက် ပြန်လည် တင်သွင်းစေခြင်း။

၁၁။ အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားတွင် ရောက်ရှိနေသော နိုင်ငံသားများက ဆန္ဒမဲ ပေးနိုင်ရန် သက်ဆိုင်ရာ မြို့နယ် ကော်မရှင် အဖွဲ့ခွဲများနှင့် လည်းကောင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် လည်းကောင်း ဆက်သွယ်ညှိနှိုင်း၍ စီမံ ဆောင်ရွက်ပေးခြင်း။

၁၂။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်ပြည်သူ့ ကောင်စီဝင်များနှင့် တိုင်း ပြည်သူ့ ကောင်စီဝင်များ ရွေး ချယ် တင်မြှောက်ရာတွင် တရားမဲ့ ပြုကျင့်မှုများနှင့် ပတ် သက်သော အယူခံလွှာများကို စိစစ်လက်ခံပြီး၊ မခိုင်လုံ သော အယူခံလွှာများကို ပယ်ချခြင်း၊ တရားမဲ့ ပြုကျင့် ကြောင်း ခိုင်လုံသော အယူခံလွှာများကို သက်ဆိုင်ရာ တရား စီရင်ခွင့်ရှိ သက်ဆိုင်ရာ တရားစီရင်ရေးအဖွဲ့သို့ လွှဲအပ်ခြင်း။

၁၃။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တဦးဦးအဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံရပြီးနောက် ယင်းသို့ ရွေးချယ် တင် မြှောက်ခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်ခြင်း ခံရလျှင် ဥပဒေ နှင့်အညီ ရွေးချယ် တင်မြှောက်ခြင်း ခံရသည်၊ မခံရသည်ကို အပြီးအပြတ် ဆုံးဖြတ်ချက် ချမှတ်ပေးခြင်း။

၁၄။ ရွေးချယ် တင်မြှောက်ခြင်း ခံရသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ပတ်သက်၍ အမည်စာရင်းကို ထုတ် ပြန် ကြေညာခြင်း၊ အသိအမှတ် ပြုလွှာများ ထုတ်ပေးခြင်း။

၁၅။ ပြည်သူ့လွှတ်တော် ရွေးချယ်တင်မြှောက်ပွဲများတွင် သက်ဆိုင်ရာ မဲဆန္ဒနယ်ရှိ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ အားလုံး၏ ထက်ဝက်ကျော် လာရောက် ဆန္ဒမဲ ပေးခြင်း မရှိသဖြင့် အထ မမြောက်သော ရွေးချယ် တင်မြှောက်ပွဲများအတွက် ရွေးချယ် တင်မြှောက်ပွဲ ဒုတိယအကြိမ် ကျင်းပရန် ဆုံးဖြတ်ချက် ချမှတ်ပေးခြင်း။

၁၆။ ပြည်သူ့လွှတ်တော် ရွေးချယ်တင်မြှောက်ပွဲများတွင် သက်ဆိုင်ရာ မဲဆန္ဒနယ်ရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲလာရောက်ပေးသော်လည်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း တဦးတယောက်မျှ ဆန္ဒမဲ လာရောက်ပေးသူအားလုံး၏ ဆန္ဒမဲ ထက်ဝက်ကျော်မရရှိသဖြင့် ရွေးချယ်တင်မြှောက်ခြင်း မခံရလျှင် ရွေးချယ်တင်မြှောက်ပွဲဒုတိယအကြိမ် ကျင်းပရန် ဆုံးဖြတ်ချက် ချမှတ်ပေးခြင်း။

၁၇။ အပိုဒ် ၁၆ အရ ဒုတိယအကြိမ် ကျင်းပရသော ရွေးချယ်တင်မြှောက်ပွဲတွင် ယင်းမဲဆန္ဒနယ်အတွက် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းသစ်ဖြင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပခြင်း။

၁၈။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ရွေးချယ်တင်မြှောက်ပွဲများကျင်းပသည့်အခါ အပိုဒ် ၁၅ အရဖြစ်စေ၊ အပိုဒ် ၁၆ အရဖြစ်စေ နှစ်ကြိမ်အထိ အထမမြောက်သော ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များစာရင်းကို ထုတ်ပြန်ကြေညာခြင်း။

၁၉။ သဘာဝ ဘေးအန္တရာယ်များကြောင့်သော်လည်းကောင်း တည်းမျှတသော ရွေးချယ်တင်မြှောက်ပွဲများ ကျင်းပရန် အခြေအနေ မရှိ၍ သော်လည်းကောင်း ရွေးချယ်တင်မြှောက်ပွဲများ မကျင်းပနိုင်သည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များစာရင်းကို ထုတ်ပြန်ကြေညာခြင်း။

၂၀။ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ဝင် အသီးသီးတို့၏ သက်တမ်းမကုန်ဆုံးမီအတွင်း တစုံတခုသော အကြောင်းကြောင့် ပြည်သူ့ကိုယ်စားလှယ်တဦးဦး၏ နေရာ လစ်လပ်ခဲ့လျှင် လစ်လပ်သောနေရာအတွက် ရွေးချယ်တင်မြှောက်ပွဲ ထပ်မံကျင်းပရန်တာဝန်ယူခြင်း။

၂၁။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများနှင့် ပတ်သက်သော အစီရင်ခံစာကို ပြည်သူ့လွှတ်တော်၏ ပထမအကြိမ် အစည်းအဝေးသို့ တင်သွင်းခြင်း။

# အခန်း ၄

## ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေး၊ ပြည်နယ်ကော်မရှင် အဖွဲ့ခွဲများနှင့် တိုင်းကော်မရှင်အဖွဲ့ခွဲများ ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

ပြည်နယ်ကော်မရှင် အဖွဲ့ခွဲများ၊ တိုင်းကော်မရှင် အဖွဲ့ခွဲများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ။

၇။ ။ပြည်နယ် ကော်မရှင်အဖွဲ့ခွဲများနှင့် တိုင်းကော်မရှင် အဖွဲ့ခွဲများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

၁။ သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းအတွင်းရှိ မြို့နယ် ကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း။

၂။ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲ၏ အသုံးစရိတ်ကို ကော်မရှင်ထံမှ တောင်းခံခြင်း၊ သုံးစွဲပြီး ကုန်ကျစရိတ် ရှင်းတမ်းကို ကော်မရှင်သို့တင်ပြခြင်း။

၃။ ပြည်နယ် ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များ၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ မဲဆန္ဒနယ်များကို ဥပဒေနှင့်အညီ သတ်မှတ်၍ ကော်မရှင်၏ အတည်ပြုချက်ကို ရယူခြင်း၊ ကော်မရှင်က အတည်ပြုပြီးသော မဲဆန္ဒနယ်များကို သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ်တိုင်း အတွင်း ထုတ်ပြန်ကြေညာခြင်း။

၄။ ရွေးချယ်တင်မြှောက်ပွဲ မကျင်းပနိုင်သည့် ပြည်နယ် ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များ၊ သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များကို ကော်မရှင်၏ အတည်ပြုချက်ဖြင့် ဖျက်သိမ်းကြောင်း ကြေညာခြင်း။

၅။ သက်ဆိုင်ရာ မြို့နယ် ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များသတ်မှတ်ခြင်းနှင့် ဖျက်သိမ်းခြင်းကို အတည်ပြုခြင်း။

၆။ ပြည်နယ် ပြည်သူ့ကောင်စီ၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ ရွေးချယ်တင်မြှောက်ပွဲ စတင်ကျင်းပမည့်နေ့ရက်၊ သို့မဟုတ် နေ့ရက်များကို ကော်မရှင်၏ အတည်ပြုချက်ဖြင့် သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ မဲဆန္ဒနယ်အလိုက် ကြေညာခြင်း။

၇။ မြို့နယ်ကော်မရှင် အဖွဲ့ခွဲများက တင်ပြသော ပြည်နယ် ပြည်သူ့ကောင်စီဝင်လောင်း၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီဝင်လောင်း အမည်စာရင်းကို ထုတ်ပြန်ကြေညာခြင်း။

၈။ ဥပဒေနှင့် မညီညွတ်သော ပြည်နယ်ပြည်သူ့ကောင်စီဝင်လောင်း၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီဝင်လောင်း

အမည်ကို ပယ်ဖျက်ခြင်း၊ ပြည်နယ် ပြည်သူ့ကောင်စီဝင်လောင်း၊ သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီဝင်လောင်း အမည်သစ်ကို သက်ဆိုင်ရာ မဲဆန္ဒနယ်အတွက် ဖြည့်သည် တင်သွင်းစေခြင်း။

၉။ ပြည်နယ် ပြည်သူ့ကောင်စီဝင်များ၊ သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီဝင်များကို ရွေးချယ်တင်မြှောက်ရာတွင် တရားမဲ့ပြုကျင့်မှုများနှင့် ပက်သက်၍ မဒိုင်လုံသော တိုင်တန်းလွှာများကို ပယ်ချခြင်းနှင့် တရားမဲ့ပြုကျင့်ကြောင်း ဒိုင်လုံသော တိုင်တန်းလွှာများကို တရားစီရင်ဆိုင်ရန် သက်ဆိုင်ရာ တရားစီရင်ရေးအဖွဲ့သို့ လွှဲအပ်ခြင်း။

၁၀။ ပြည်နယ် ပြည်သူ့ကောင်စီဝင် အဖြစ်၊ သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီဝင် အဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံရပြီးနောက်၊ ယင်းသို့ ရွေးချယ်တင်မြှောက်ခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်ခြင်းခံရလျှင် ဥပဒေနှင့်အညီ ရွေးချယ် တင်မြှောက်ခြင်းခံရသည် မခံရသည်ကို အပြီးအပြတ်ဆုံးဖြတ်ချက် ချမှတ်ပေးခြင်း။

၁၁။ ရွေးချယ် တင်မြှောက်ခြင်းခံရသည့် ပြည်နယ် ပြည်သူ့ကောင်စီဝင်များ၊ သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီဝင်များ၏ အမည် စာရင်းကို သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းအတွင်း ထုတ်ပြန် ကြေညာခြင်း၊ အသိအမှတ်ပြုလွှာများ ထုတ်ပေးခြင်း။

၁၂။ ပြည်နယ် ပြည်သူ့ကောင်စီ၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ ရွေးချယ် တင်မြှောက်ပွဲ များတွင် သက်ဆိုင်ရာ မဲဆန္ဒနယ်ရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး၏ ထက်ဝက် ကျော်လာရောက်ဆန္ဒမဲပေးခြင်း မရှိသဖြင့် အထမမြောက်သော ရွေးချယ် တင်မြှောက်ပွဲများအတွက် ရွေးချယ်တင်မြှောက်ပွဲကို ဒုတိယအကြိမ် ကျင်းပရန် ဆုံးဖြတ်ချက်ချမှတ်ခြင်း။

၁၃။ ပြည်နယ် ပြည်သူ့ကောင်စီ၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ ရွေးချယ်တင်မြှောက်ပွဲ များတွင် သက်ဆိုင်ရာ မဲဆန္ဒနယ်ရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲ လာရောက်ပေးသော်လည်း ပြည်သူ့ကောင်စီဝင်လောင်း တဦးတယောက်မျှ ဆန္ဒမဲ လာရောက်ပေးသူ အားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲ မရရှိသဖြင့် ရွေးချယ် တင်မြှောက်ခြင်း မခံရလျှင် ရွေးချယ်တင်မြှောက်ပွဲ ဒုတိယ အကြိမ် ကျင်းပရန် ဆုံးဖြတ်ချက် ချမှတ်ပေးခြင်း။

**၁၄။ အပိုဒ် ၁၃ အရ ဒုတိယအကြိမ် ကျင်းပရသော ရွေးချယ် တင်မြှောက်ပွဲတွင် ယင်းမဲဆန္ဒနယ်အတွက် ပြည်သူ့ကောင်**

စီငင်လောင်း အမည်စာရင်းသစ်ဖြင့် ရွေးချယ်တင်မြှောက်ပွဲကျင်းပခြင်း။

၁၅။ ပြည်နယ် ပြည်သူ့ကောင်စီ၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီရွေးချယ်တင်မြှောက်ပွဲများ ကျင်းပသည့်ခါ အပိုင် ၁၂ အရ ဖြစ်စေ၊ အပိုင် ၁၃ အရဖြစ်စေ နှစ်ကြိမ်အထိ အထမမြောက်သော ပြည်နယ် ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များ၊ သို့မဟုတ် တိုင်းပြည်သူ့ ကောင်စီ မဲဆန္ဒနယ်များစာရင်းကို ကော်မီရှင်သို့ အစီရင်ခံခြင်း၊ သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းအတွင်း ထုတ်ပြန်ကြေညာခြင်း။

၁၆။ သဘာဝဘေးအန္တရာယ်များကြောင့် သော်လည်းကောင်း၊ အရေးမှုတသော ရွေးချယ် တင်မြှောက်ပွဲများ ကျင်းပရန် အခြေအနေ မရှိ၍သော်လည်းကောင်း ရွေးချယ် တင်မြှောက်ပွဲများ မကျင်းပနိုင်သည့်ပြည်နယ်ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များ၊ သို့မဟုတ် တိုင်းပြည်သူ့ ကောင်စီ မဲဆန္ဒနယ်များ စာရင်းကို ကော်မီရှင်သို့ အစီရင်ခံခြင်း၊ သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းအတွင်း ထုတ်ပြန်ကြေညာခြင်း။

၁၇။ ပြည်နယ် ကော်မီရှင်အဖွဲ့ခွဲ၊ သို့မဟုတ် တိုင်း ကော်မီရှင်အဖွဲ့ခွဲ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အခြေအနေ အရပ်ရပ်ကို ကော်မီရှင်သို့ အစီရင်ခံခြင်း။

## အခန်း ၅

## ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ် တင်မြှောက်ပွဲ ကျင်းပရေး မြို့နယ်ကော်မီရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ ။မြို့နယ်ကော်မီရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

**မြို့နယ် ကော်မီရှင် အဖွဲ့ခွဲ များ၏ တာဝန်နှင့် လုပ်ပိုင် ခွင့်များ။**

၁။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ် ပြည်သူ့ကောင်စီဝင်များ၊ တိုင်းပြည်သူ့ ကောင်စီဝင်များ နှင့် မြို့နယ် ပြည်သူ့ ကောင်စီဝင်များ ရွေးချယ်တင်မြှောက်ရေးကို တာဝန်ယူ ဆောင်ရွက်ခြင်း။

၂။ သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ ရပ်ကွက် ကော်မီရှင်အဖွဲ့ခွဲများ၊ ကျေးရွာအုပ်စု ကော်မီရှင် အဖွဲ့ခွဲများကို ဖွဲ့စည်းခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း။

၃။ သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ ကျင်းပသော ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင် မြှောက်ပွဲများ အတွက် အသုံးစရိတ်ကို ကော်မီရှင်ထံမှ

တောင်းခံခြင်း၊ ရပ်ကွက် ပြည်သူ့ကောင်စီ၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ ရွေးချယ် တင်မြှောက်ပွဲများအတွက် သက်ဆိုင်ရာ ရပ်ကွက် ကော်မီရှင်အဖွဲ့ခွဲ၊ သို့မဟုတ် ကျေးရွာအုပ်စုကော်မီရှင် အဖွဲ့ခွဲသို့ ထပ်ဆင့်ခွဲဝေခြင်း၊ ရွေးချယ်တင်မြှောက်ပွဲများ အတွက် သုံးစွဲပြီး ကုန်ကျစရိတ်ကို ရှင်းတမ်းများ ပြုလုပ်၍ ကော်မီရှင်သို့ တင်ပြခြင်း။

၄။ မြို့နယ်ပြည်သူ့ ကောင်စီ မဲဆန္ဒနယ်များကို ဥပဒေနှင့်အညီ သတ်မှတ်၍ သက်ဆိုင်ရာ ပြည်နယ် ကော်မီရှင်အဖွဲ့ခွဲ၊ သို့မဟုတ် တိုင်းကော်မီရှင်အဖွဲ့ခွဲ၏ အတည်ပြုချက်ကို ရယူခြင်း၊ အတည်ပြုပြီးသောမြို့နယ် ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များကို သက်ဆိုင်ရာ မြို့နယ်အတွင်း ထုတ်ပြန်ကြေညာခြင်း။

၅။ ရွေးချယ်တင်မြှောက်ပွဲ မကျင်းပနိုင်သည့် မြို့နယ်ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များကို သက်ဆိုင်ရာ ပြည်နယ် ကော်မီရှင် အဖွဲ့ခွဲ၊ သို့မဟုတ် တိုင်းကော်မီရှင်အဖွဲ့ခွဲ၏ အတည်ပြုချက်ဖြင့် ဖျက်သိမ်းကြောင်း ကြေညာခြင်း။

၆။ သက်ဆိုင်ရာ မြို့နယ် အတွင်းရှိ ရပ်ကွက် ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များ၊ ကျေးရွာ အုပ်စု ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များ သတ်မှတ်ခြင်းနှင့် ဖျက်သိမ်းခြင်းကို အတည်ပြုခြင်း။

၇။ မြို့နယ် ပြည်သူ့ကောင်စီ ရွေးချယ် တင်မြှောက်ပွဲ စတင်ကျင်းပမည့် နေ့ရက်၊ သို့မဟုတ် နေ့ရက်များကို ထပ်ဆင့်ကြေညာခြင်း။

၈။ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ပြည်သူ့ကောင်စီဝင်များ၊ တိုင်းပြည်သူ့ ကောင်စီဝင်များ၊ မြို့နယ် ပြည်သူ့ ကောင်စီဝင်များ၊ ရပ်ကွက် ပြည်သူ့ ကောင်စီဝင်များနှင့် ကျေးရွာ အုပ်စု ပြည်သူ့ကောင်စီဝင်များ ရွေးချယ် တင်မြှောက်ပွဲများ ကျင်းပရေးအတွက် ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများ၏ အမည်စာရင်းကို ပြုစုခြင်း၊ ကြေညာခြင်း၊ လိုအပ်သလို ပြင်ဆင်ခြင်း မဲစာရင်းနှင့် ပတ်သက်၍ အပြီးအပြတ် ဆုံးဖြတ်ချက် ချမှတ်ခြင်း။

၉။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက ပါတီ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော လူထု လူတန်းစား အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ မဲဆန္ဒနယ်ရှိ ဆန္ဒမဲပေးခွင့်ရှိသူများနှင့် ညှိနှိုင်း၍ တင်သွင်းသော ပြည်သူ့ လွှတ်တော်၊ ပြည်နယ် ပြည်သူ့ကောင်စီ၊ တိုင်းပြည်သူ့ ကောင်စီနှင့် မြို့နယ် ပြည်သူ့ ကောင်စီတို့ အတွက် ပြည်သူ့ ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို လက်ခံခြင်း။

၁၀။ ဥပဒေနှင့် ညီညွတ်သော မြို့နယ် ပြည်သူ့ ကောင်စီဝင်လောင်း အမည်စာရင်းကို သက်ဆိုင်ရာ မြို့နယ် အတွင်း ထုတ်ပြန်ကြေညာခြင်း။

၁၁။ ဥပဒေနှင့် မညီညွတ်သော မြို့နယ် ပြည်သူ့ ကောင်စီဝင်လောင်း အမည်ကို ပယ်ဖျက်ခြင်း၊ မြို့နယ် ပြည်သူ့ ကောင်စီဝင်လောင်း အမည်သစ်ကို သက်ဆိုင်ရာမဲဆန္ဒနယ်မှ ပြန်လည်တင်သွင်းစေခြင်း။

၁၂။ ပြည်နယ် ပြည်သူ့ကောင်စီဝင်လောင်း၊ သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီဝင်လောင်း အမည်စာရင်းကို သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းကော်မီရှင် အဖွဲ့ခွဲသို့ ထပ်ဆင့်တင်ပြခြင်း။

၁၃။ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်စာရင်းကို ကော်မီရှင်သို့ ထပ်ဆင့်တင်ပြခြင်း။

၁၄။ ပြည်သူ့ လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများအတွက် ကော်မီရှင်က ထုတ်လုပ်၍ ဖြန့်ဝေ ပေးပို့သော ပုံစံများ၊ တံဆိပ်များ၊ ဆန္ဒမဲပြားများနှင့် ဆန္ဒမဲလက်မှတ်များ စသည်တို့ကို မြို့နယ် အတွင်းရှိ မဲဆန္ဒနယ်အသီးသီးသို့ ထပ်ဆင့်ဖြန့်ဝေခြင်း။

၁၅။ ရပ်ကွက် ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များ၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီမဲဆန္ဒနယ်များ၌သဘာဝ ဘေးအန္တရာယ်များရှိသည့်အခါတွင် သော်လည်းကောင်း လုံခြုံမှု အခြေအနေ မကောင်းလျှင် သော်လည်းကောင်း မဲရုံများ ရွှေ့ပြောင်းခြင်း၊ ဆန္ဒမဲပေးရမည့် နေ့ရက်နှင့် အချိန်ရွှေ့ဆိုင်းခြင်း။

၁၆။ သက်ဆိုင်ရာ မဲဆန္ဒနယ် ပြင်ပသို့ ရောက်ရှိနေ သော တပ်မတော်သားများ၊ သံအဖွဲ့ဝင်များ၊ အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ ရောက်ရှိနေသော နိုင်ငံသားများနှင့် ယင်းတို့၏ မိသားစုများ၊ ကျောင်းသားများ၊ သင်တန်း သားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံရှိ အတွင်းလူနာ များနှင့် သက်ဆိုင်ရာ မဲဆန္ဒနယ် ပြင်ပရောက် ဝန်ထမ်း အဖွဲ့ဝင်များအတွက် ဆန္ဒမဲလက်မှတ်နှင့် ဆန္ဒမဲပေးနိုင်ရန် ကော်မီရှင်၏ ညွှန်ကြားချက်နှင့် အညီဆောင်ရွက်ခြင်း။

၁၇။ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပသည့်နေ့၌ မိမိနေထိုင်သော မဲဆန္ဒနယ်မှ ကျော်လွန်၍ ခရီးဝေး သွားလာရန် ရှိသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တဦးအား ကြိုတင်ဆန္ဒမဲ ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း။

၁၈။ သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ပြည်နယ် ပြည်သူ့ကောင်စီဝင်၊ တိုင်းပြည်သူ့

ကောင်စီဝင်နှင့် မြို့နယ်ပြည်သူ့ကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲများ၏ မဲစာရင်းရေတွက်မှုကို ကြီးကြပ်ကွပ်ကဲခြင်း။

၁၉။ ပြည်သူ့လွှတ်တော်၊ ပြည်နယ် ပြည်သူ့ကောင်စီ၊ တိုင်းပြည်သူ့ကောင်စီနှင့် မြို့နယ်ပြည်သူ့ကောင်စီ မဲဆန္ဒနယ်နယ်များအလိုက် လက်ခံရရှိသော ဆန္ဒမဲအရေအတွက်စာရင်းဇယားကို မြို့နယ်အကျောင်းမှ သက်ဆိုင်ရာ မဲဆန္ဒနယ်တခုစီအတွက် ပေါင်းယူစုစည်းခြင်း။

၂၀။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းများ၊ ပြည်နယ်ပြည်သူ့ကောင်စီဝင်လောင်းများ၊ တိုင်းပြည်သူ့ကောင်စီဝင်လောင်းများနှင့် မြို့နယ် ပြည်သူ့ကောင်စီဝင်လောင်းများရရှိသော ဆန္ဒမဲအရေအတွက်ကို သက်ဆိုင်ရာမြို့နယ်အကျောင်း ထုတ်ပြန်ခြင်း။

၂၁။ ရွေးချယ် တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ကော်မရှင်သို့တင်ပြခြင်း။

၂၂။ ရွေးချယ် တင်မြှောက်ခြင်းခံရသော ပြည်နယ် ပြည်သူ့ကောင်စီဝင်များ၊ သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီဝင်များ၏ အမည်စာရင်းကို သက်ဆိုင်ရာ ပြည်နယ်ကော်မရှင်အဖွဲ့၊ သို့မဟုတ် တိုင်းကော်မရှင် အဖွဲ့သို့တင်ပြခြင်း။

၂၃။ မြို့နယ် ပြည်သူ့ကောင်စီဝင်များ ရွေးချယ်တင်မြှောက်ရာတွင် တရားမဲ့ပြုကျင့်မှုများနှင့် ပတ်သက်၍ စိစစ်လေ့လာပြီး မခိုင်လုံသောကိုင်တန်းလွှာများကိုပယ်ချခြင်းနှင့်တရားမဲ့ပြုကျင့်ကြောင်း ခိုင်လုံသော တိုင်တန်းလွှာများကိုသက်ဆိုင်ရာတရားစီရင်ရေးအဖွဲ့သို့ပြုရေးစီရင်နိုင်ရန်လွှဲအပ်ခြင်း။

၂၄။ မြို့နယ် ပြည်သူ့ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရပြီးနောက် ယင်းသို့ရွေးချယ်တင်မြှောက်ခံရခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ခြင်းခံရလျှင် ဥပဒေနှင့်အညီ ရွေးချယ်တင်မြှောက်ခြင်းခံရသည် မခံရသည်ကို အပြီးအပြတ်ဆုံးဖြတ်ချက်ချမှတ်ပေးခြင်း။

၂၅။ ရွေးချယ်တင်မြှောက်ခြင်းခံရသောမြို့နယ်ပြည်သူ့ကောင်စီဝင်များ၏ အမည်ကို သက်ဆိုင်ရာ မြို့နယ်အတွင်း ထုတ်ပြန်ကြေညာခြင်း၊ အသိအမှတ်ပြုလွှာများထုတ်ပေးခြင်း။

၂၆။ ပြည်သူ့လွှတ်တော် ရွေးချယ်တင်မြှောက်ပွဲများတွင် အထမမြောက်သော ရွေးချယ်တင်မြှောက်ပွဲများအတွက် ဒုတိယအကြိမ် ရွေးချယ်တင်မြှောက်ရန် ကော်မရှင်၏ အတည်ပြုချက်ဖြင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ခြင်း။

၂၇။ ပြည်နယ် ပြည်သူ့ကောင်စီ၊ သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီ ရွေးချယ်တင်မြှောက်ပွဲများတွင် အထမမြောက်

သော ရွေးချယ်တင်မြှောက်ပွဲများအတွက် ဒုတိယအကြိမ်
ရွေးချယ်တင်မြှောက်ရန် သက်ဆိုင်ရာ ပြည်နယ်ကော်မီရှင်
အဖွဲ့ခွဲ၊ သို့မဟုတ် တိုင်းကော်မီရှင် အဖွဲ့ခွဲ၏ အတည်ပြုချက်
ဖြင့် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်ခြင်း။

၂၈။ မြို့နယ် ပြည်သူ့ကောင်စီ ရွေးချယ်တင်မြှောက်ပွဲများတွင်
သက်ဆိုင်ရာ မဲဆန္ဒနယ်ရှိ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူအားလုံး၏
ထက်ဝက်ကျော် လာရောက်ဆန္ဒမဲ ပေးခြင်းမရှိသဖြင့်အထ
မမြောက်သော ရွေးချယ်တင်မြှောက်ပွဲများအတွက် ဒုတိယ
အကြိမ်ရွေးချယ်တင်မြှောက်ရန် ဆုံးဖြတ်ချက် ချမှတ်ပေး
ခြင်း၊ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ခြင်း။

၂၉။ မြို့နယ် ပြည်သူ့ကောင်စီ ရွေးချယ်တင်မြှောက်ပွဲများတွင်
သက်ဆိုင်ရာ မဲဆန္ဒနယ်ရှိ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူအားလုံး၏
ထက်ဝက်ကျော်ဆန္ဒမဲလာရောက်ပေးသော်လည်း ပြည်သူ့
ကောင်စီဝင်လောင်း တဦးတယောက်မျှ ဆန္ဒမဲလာရောက်
ပေးသူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲမရရှိသဖြင့် ရွေး
ချယ် တင်မြှောက်ခြင်း မခံရလျှင် ရွေးချယ်တင်မြှောက်ပွဲ
ဒုတိယအကြိမ် ကျင်းပရန် ဆုံးဖြတ်ချက် ချမှတ်ပေးခြင်း။

၃၀။ အပိုဒ် ၂၉ အရ ဒုတိယအကြိမ် ကျင်းပရသောရွေးချယ်
တင်မြှောက်ပွဲတွင် ယင်းမဲဆန္ဒနယ်အတွက် မြို့နယ်ပြည်သူ့
ကောင်စီဝင်လောင်း အမည်စာရင်းသစ်ဖြင့် ရွေးချယ်တင်
မြှောက်ပွဲကျင်းပခြင်း။

၃၁။ မြို့နယ်ပြည်သူ့ကောင်စီ ရွေးချယ်တင်မြှောက်ပွဲများကျင်း
ပသည့်အခါ အပိုဒ် ၂၈ အရဖြစ်စေ၊ အပိုဒ် ၂၉ အရဖြစ်စေ၊
နှစ်ကြိမ်အထိအထမမြောက်သော မြို့နယ်ပြည်သူ့ကောင်စီ
မဲဆန္ဒနယ်များစာရင်းကို သက်ဆိုင်ရာ ပြည်နယ်ကော်မီရှင်
အဖွဲ့ခွဲ၊ သို့မဟုတ် တိုင်းကော်မီရှင် အဖွဲ့ခွဲသို့ အစီရင်ခံခြင်း၊
သက်ဆိုင်ရာမြို့နယ်အတွင်း ထုတ်ပြန်ကြေညာခြင်း။

၃၂။ သဘာဝဘေးအန္တရာယ်များကြောင့် သော်လည်းကောင်း၊
တရားမျှတသော ရွေးချယ် တင်မြှောက်ပွဲများ ကျင်းပရန်
အခြေအနေမရှိ၍သော်လည်းကောင်းရွေးချယ်တင်မြှောက်
ပွဲများ မကျင်းပနိုင်သည့်မြို့နယ်ပြည်သူ့ကောင်စီမဲဆန္ဒနယ်
များစာရင်းကို သက်ဆိုင်ရာ ပြည်နယ်ကော်မီရှင် အဖွဲ့ခွဲ၊
သို့မဟုတ် တိုင်းကော်မီရှင်အဖွဲ့ခွဲသို့ အစီရင်ခံခြင်း၊ သက်
ဆိုင်ရာ မြို့နယ်အတွင်း ထုတ်ပြန်ကြေညာခြင်း။

၃၃။ မြို့နယ်ကော်မီရှင်အဖွဲ့ခွဲ၏ ဆောင်ရွက်ချက်များနှင့် ပတ်
သက်၍ အခြေအနေ အရပ်ရပ်ကို သက်ဆိုင်ရာပြည်နယ
ကော်မီရှင်အဖွဲ့ခွဲ၊ သို့မဟုတ်တိုင်းကော်မီရှင်အဖွဲ့ခွဲသို့ အစီ
ရင်ခံခြင်း။

## အခန်း ၆

# ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေး၊ ရပ်ကွက်ကော်မီရှင် အဖွဲ့ခွဲ များနှင့် ကျေးရွာ အုပ်စု ကော်မီရှင် အဖွဲ့ခွဲများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

**ရပ်ကွက် ကော်မီရှင်အဖွဲ့ခွဲများ၊ ကျေးရွာအုပ်စု ကော်မီရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ။**

၉။ ။ရပ်ကွက်ကော်မီရှင် အဖွဲ့ခွဲများနှင့် ကျေးရွာအုပ်စု ကော်မီရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့် များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်—

၁။ ရပ်ကွက် ပြည်သူ့ကောင်စီဝင်များ၊ သို့မဟုတ်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင်များ ရွေးချယ်တင်မြှောက်ရေးကို တာဝန်ယူ ဆောင်ရွက်ခြင်း။

၂။ ရပ်ကွက် ပြည်သူ့ကောင်စီမဲဆန္ဒနယ်များ၊သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီမဲဆန္ဒနယ်များကို ဥပဒေနှင့်အညီ သတ်မှတ်၍ သက်ဆိုင်ရာ မြို့နယ်ကော်မီရှင်အဖွဲ့ခွဲ၏ အတည်ပြုချက်ကို ရယူခြင်း၊ သက်ဆိုင်ရာမြို့နယ်ကော်မီရှင် အဖွဲ့ခွဲက အတည်ပြုပြီးသော မဲဆန္ဒနယ်များကိုသက်ဆိုင်ရာ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုအတွင်းထုတ်ပြန်ကြေညာခြင်း။

၃။ ရွေးချယ် တင်မြှောက်ပွဲမကျင်းပနိုင်သည့်ရပ်ကွက် ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များ၊ သို့မဟုတ် ကျေးရွာအုပ်စုပြည်သူ့ကောင်စီ မဲဆန္ဒနယ်များကို သက်ဆိုင်ရာမြို့နယ်ကော်မီရှင် အဖွဲ့ခွဲ၏ အတည်ပြုချက်ဖြင့် ပျက်သိမ်းကြောင်းကြေညာခြင်း။

၄။ ရပ်ကွက်ပြည်သူ့ကောင်စီ၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ ရွေးချယ် တင်မြှောက်ပွဲ စတင်ကျင်းပမည့် နေ့ရက်၊သို့မဟုတ် နေ့ရက်များကို သက်ဆိုင်ရာ မြို့နယ်ကော်မီရှင်အဖွဲ့ခွဲ၏ အတည်ပြုချက်ဖြင့် သက်ဆိုင်ရာ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ယပ်ဆင့်ကြေညာခြင်း။

၅။ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရွေးချယ် တင်မြှောက်ပွဲများ အတွက် အသုံးစရိတ်ကိုသက်ဆိုင်ရာ မြို့နယ်ကော်မီရှင် အဖွဲ့ခွဲထံမှ တောင်းခံခြင်း၊ သုံးစွဲပြီး ကုန်ကျစရိတ်ရှင်းတမ်းကို မြို့နယ်ကော်မီရှင် အဖွဲ့ခွဲသို့ တင်ပြခြင်း။

၆။ သက်ဆိုင်ရာ ရပ်ကွက်၊ သို့မဟုတ်ကျေးရွာအုပ်စုအတွင်း ဆန္ဒမဲ ပေးပိုင်ခွင့် ရှိသူများ၏ မဲစာရင်းကိုသက်ဆိုင်ရာ မြို့နယ် ကော်မီရှင်အဖွဲ့ခွဲ၏ စီမံ ကြီးကြပ်မှုဖြင့် ပြုစုခြင်း၊ ကြေညာခြင်း၊ လိုအပ်သလို ပြင်ဆင်ခြင်း။

၇။ ရပ်ကွက် ပြည်သူ့ကောင်စီဝင်လောင်း၊ သို့မဟုတ် ကျေးရွာ အုပ်စု ပြည်သူ့ ကောင်စီဝင်လောင်း အမည်စာရင်းကို လက်ခံခြင်းနှင့် ဥပဒေနှင့်ညီညွတ်သောပြည်သူ့ ကောင်စီဝင်လောင်း အမည်စာရင်းကို သက်ဆိုင်ရာ ရပ်ကွက်၊ သို့မဟုတ်ကျေးရွာ အုပ်စုအတွင်းထုတ်ပြန် ကြေညာခြင်း။

၈။ ဥပဒေနှင့် မညီညွတ်သော ရပ်ကွက်ပြည်သူ့ ကောင်စီဝင်လောင်း၊ သို့မဟုတ် ကျေးရွာအုပ်စုပြည်သူ့ ကောင်စီဝင်လောင်း အမည်ကို ပယ်ဖျက်ခြင်း၊ ရပ်ကွက်ပြည်သူ့ ကောင်စီဝင်လောင်း၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ ကောင်စီဝင်လောင်း အမည်သစ်ကို သက်ဆိုင်ရာ မဲဆန္ဒနယ်အတွက် ပြန်လည် တင်သွင်းစေခြင်း။

၉။ ရပ်ကွက်ပြည်သူ့ကောင်စီ မဲဆန္ဒနယ်၊ သို့မဟုတ် ကျေးရွာ အုပ်စု ပြည်သူ့ကောင်စီ မဲဆန္ဒနယ် တခုစီအတွက် မဲရုံ နေရာများသတ်မှတ်ခြင်း၊ မဲရုံများအဖြစ် ခေတ္တ အသုံး ပြုရန်ငှါးရမ်းခြင်း၊ သို့မဟုတ် ဆောက်လုပ်ခြင်း၊ လိုအပ်မည့်မဲပုံးများကို ပြုလုပ်ခြင်း။

၁၀။ သက်ဆိုင်ရာ မဲဆန္ဒနယ် ပြင်ပသို့ရောက်ရှိနေသော တပ်မ တော်သားများ၊ သံအဖွဲ့ဝင်များ၊ နိုင်ငံခြားသို့ ရောက်ရှိနေ သော နိုင်ငံသားများနှင့် ယင်းတို့၏မိသားစုများ၊ ကျောင်း သားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံရှိ အတွင်းလူနာများနှင့် သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပ ရောက် ဝန်ထမ်းအဖွဲ့ဝင်များအတွက် ဆန္ဒမဲ ပေးနိုင်ရန် ဆန္ဒမဲ လက်မှတ်များကို ကြိုတင် ထုတ်ပေးခြင်း၊ ယင်း ဆန္ဒမဲလက်မှတ်များကို ပြန်လည် လက်ခံခြင်းတို့နှင့် စပ်လျဉ်း၍သက်ဆိုင်ရာ မြို့နယ်ကော်မရှင် အဖွဲ့ခွဲ၏စီစဉ်မှု အရ ဆက်လက် ဆောင်ရွက်ခြင်း။

၁၁။ ရွေးချယ် တင်မြှောက်ပွဲ ကျင်းပသည့်နေ့ရက်၌ မိမိမဲဆန္ဒ နယ်မှ ဝေးလံလွန်း၍ ခရီးဝေးသွားလာရန်ရှိသော ဆန္ဒမဲ ပေးပိုင်ခွင့် ရှိသူတဦးအား ကြိုတင်ဆန္ဒမဲပေးနိုင်ရန် စီစဉ် ဆောင်ရွက်ခြင်း။

၁၂။ ရွေးချယ် တင်မြှောက်ပွဲ ကျင်းပသည့်နေ့တွင် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများ တည်ငြိမ် အေးဆေးစွာ ဆန္ဒမဲ ပေးနိုင်ရေးအတွက် စီစဉ်ခြင်း။

၁၃။ မဲရုံများကို တာဝန်ယူ ကြီးကြပ်ခြင်း။

၁၄။ ရပ်ကွက် ပြည်သူ့ကောင်စီ မဲဆန္ဒနယ်၊ သို့မဟုတ် ကျေးရွာ အုပ်စု ပြည်သူ့ ကောင်စီမဲဆန္ဒနယ်အလိုက်၊ ဆန္ဒမဲများကို ပြည်သူတို့၏ ရှေ့မှောက်၌ သက်ဆိုင်ရာ မြို့နယ် ကော်မရှင် အဖွဲ့ခွဲ၏ ကြီးကြပ်မှုဖြင့် ရေတွက်ခြင်း၊ ရပ်ကွက်ပြည်သူ့ ကောင်စီဝင်၊ သို့မဟုတ် ကျေးရွာအုပ်စုပြည်သူ့ကောင်စီဝင်

အတွက် ရွေးဦးစွာ ဆန္ဒမဲ ရေတွက်ပြီးနောက်၊ မြို့နယ် ပြည်သူ့ ကောင်စီဝင်၊ ပြည်နယ် ပြည်သူ့ကောင်စီဝင်၊ တိုင်းပြည်သူ့ကောင်စီဝင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့အတွက် အစဉ်အလိုက် သီးခြားဆန္ဒမဲ ရေတွက်ခြင်း။

၁၅။ မြို့နယ် ပြည်သူ့ကောင်စီဝင်၊ ပြည်နယ် ပြည်သူ့ကောင်စီဝင်၊ တိုင်း ပြည်သူ့ ကောင်စီဝင်နှင့် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်တို့ အတွက် အသီးသီး ရရှိသော ဆန္ဒမဲ အရေအတွက် စာရင်းကိုသီးခြားစီ ပြုလုပ်၍ သက်ဆိုင်ရာ မြို့နယ်ကော်မီရှင်အဖွဲ့သို့ အမြန်ဆုံး ပေးပို့ခြင်း။

၁၆။ ရပ်ကွက် ပြည်သူ့ကောင်စီဝင်လောင်းများ၊ သို့မဟုတ်ကျေးရွာအုပ်စု ပြည်သူ့ ကောင်စီဝင်လောင်းများ ရရှိသော ဆန္ဒမဲ အရေအတွက်ကို သက်ဆိုင်ရာ ရပ်ကွက် ပြည်သူ့ ကောင်စီ မဲဆန္ဒနယ်၊ သို့မဟုတ် ကျေးရွာအုပ်စုပြည်သူ့ ကောင်စီ မဲဆန္ဒနယ်အလိုက် ထုတ်ပြန် ကြေညာခြင်း။

၁၇။ ရပ်ကွက် ပြည်သူ့ကောင်စီဝင်များ၊ သို့မဟုတ်ကျေးရွာ အုပ်စု ပြည်သူ့ ကောင်စီဝင်များ ရွေးချယ်တင်မြှောက ရာတွင် တရားမဲ့ ပြုကျင့်မှုများနှင့်ပတ်သက်သော တိုင်တန်း လွှာများကို စိစစ်လေ့လာပြီး မခိုင်လုံသော တိုင်တန်းလွှာ များကို ပယ်ချခြင်းနှင့် တရားမဲ့ပြုကျင့်ကြောင်း ခိုင်လုံ သော တိုင်တန်းလွှာများကို သက်ဆိုင်ရာတရားစီရင်ရေး အဖွဲ့သို့ တရားစီရင်နိုင်ရန် လွှဲအပ်ခြင်း။

၁၈။ ရပ်ကွက် ပြည်သူ့ကောင်စီဝင်အဖြစ်၊သို့မဟုတ် ကျေးရွာ အုပ်စု ပြည်သူ့ကောင်စီဝင်အဖြစ်ရွေးချယ် တင်မြှောက် ခြင်း ခံရပြီးနောက်၊ ယင်းသို့ရွေးချယ် တင်မြှောက်ခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်ခြင်း ခံရလျှင် ဥပဒေနှင့်အညီ ရွေးချယ်တင်မြှောက်ခြင်း ခံရသည် မခံရသည်ကို အပြီး အပြတ် ဆုံးဖြတ်ချက် ချမှတ်ပေးခြင်း။

၁၉။ ရွေးချယ် တင်မြှောက်ခြင်း ခံရသော ရပ်ကွက် ပြည်သူ့ ကောင်စီဝင်၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ ဝင်များ၏ အမည်စာရင်းကို သက်ဆိုင်ရာ ရပ်ကွက်၊ သို့မဟုတ်ကျေးရွာအုပ်စုအတွင်း ထုတ်ပြန် ကြေညာခြင်း၊ အသိအမှတ်ပြုလွှာများ ထုတ်ပေးခြင်း။

၂၀။ ရပ်ကွက် ပြည်သူ့ကောင်စီ၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ ရွေးချယ် တင်မြှောက်ပွဲများတွင် သက်ဆိုင်ရာ မဲဆန္ဒနယ်ရှိ ဆန္ဒမဲပေးခွင့်ရှိသူ အားလုံး၏ ထက်ဝက် ကျော် လာရောက် ဆန္ဒမဲပေးခြင်းမရှိသဖြင့် အထမမြောက် သော ရွေးချယ်တင်မြှောက်ပွဲများအတွက် ဒုတိယအကြိမ်

ရွေးချယ် တင်မြှောက်ပွဲ ကျင်းပရန် သက်ဆိုင်ရာမြို့နယ် ကော်မရှင် အဖွဲ့ခွဲ၏ အတည်ပြုချက်ဖြင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ခြင်း။

၂၁။ ရပ်ကွက် ပြည်သူ့ကောင်စီ၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ ရွေးချယ်တင်မြှောက်ပွဲများတွင် သက်ဆိုင်ရာ မဲဆန္ဒနယ်ရှိ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ အားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲလာရောက်ပေးသော်လည်း ပြည်သူ့ကောင်စီဝင်လောင်း တစ်ဦး တစ်ယောက်မျှ ဆန္ဒမဲလာရောက်ပေးသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲမရရှိသဖြင့် ရွေးချယ်တင်မြှောက်ခြင်းမခံရလျှင် ရွေးချယ်တင်မြှောက်ပွဲ ဒုတိယအကြိမ်ကျင်းပရန် သက်ဆိုင်ရာမြို့နယ်ကော်မရှင် အဖွဲ့ခွဲ၏ အတည်ပြုချက်ဖြင့် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်ခြင်း။

၂၂။ အပိုဒ် ၂၁ အရ ဒုတိယအကြိမ် ကျင်းပရသော ရွေးချယ် တင်မြှောက်ပွဲတွင်ယင်းမဲဆန္ဒနယ်အတွက်ပြည်သူ့ကောင်စီ ဝင်လောင်း အမည်စာရင်းသစ်ဖြင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပခြင်း။

၂၃။ ရပ်ကွက် ပြည်သူ့ကောင်စီဝင်၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင် ရွေးချယ် တင်မြှောက်ပွဲများ ကျင်းပ သော်လည်း၊အပိုဒ် ၂၀ အရဖြစ်စေ၊ အပိုဒ် ၂၁ အရဖြစ်စေ နှစ်ကြိမ်အထိ အထမမြောက်သော မဲဆန္ဒနယ်များ စာရင်း ကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင် အဖွဲ့ခွဲသို့အစီရင်ခံခြင်း။

၂၄။ ရွေးချယ်တင်မြှောက်ပွဲကျင်းပသည့်နေ့တွင် သဘာဝဘေး အန္တရာယ်ကြောင့် သော်လည်းကောင်း၊ တရားမျှတသည့် ရွေးချယ် တင်မြှောက်ပွဲ ကျင်းပရန် အခြေအနေ မရှိ၍ သော်လည်းကောင်း ရပ်ကွက်ပြည်သူ့ကောင်စီ မဲဆန္ဒနယ် သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ မဲဆန္ဒနယ် တစ်ခုခု၊သို့မဟုတ်အများနှင့်ပတ်သက်၍ဆန္ဒမဲပေးခြင်းကို ရပ်ဆိုင်းပြီး၊ ယင်းသို့ ရပ်ဆိုင်းရကြောင်းကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင် အဖွဲ့ခွဲသို့ အမြန်ဆုံး အစီရင်ခံခြင်း။

၂၅။ အပိုဒ် ၂၄ ပါ အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်သည့် အခါ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏အတည်ပြုချက် ဖြင့် မဲရုံနေရာပြောင်းရွှေ့ခြင်း၊ ဆန္ဒမဲပေးသည့် နေ့ရက် နှင့် အချိန် ရွှေ့ဆိုင်းခြင်း။

၂၆။ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ၊သို့မဟုတ် ကျေးရွာအုပ်စုကော်မ ရှင်အဖွဲ့ခွဲ၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အခြေ အနေ အရပ်ရပ်ကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင် အဖွဲ့ခွဲ သို့ အစီရင်ခံခြင်း။

# အခန်း ၇

## အထွေထွေပြဋ္ဌာန်းချက်များ

၁၀။ ။ကော်မီရှင်နှင့် ကော်မီရှင် အဖွဲ့ခွဲများ၏ အစည်းအဝေးများတွင် အောက်ပါအတိုင်း လိုက်နာရမည်။

**ကော်မီရှင် အဖွဲ့ခွဲများ၏ အစည်းအဝေး များ ကျင်းပခြင်း။**

၁။ ကော်မီရှင်နှင့် ကော်မီရှင် အဖွဲ့ခွဲအသီးသီး၏ အစည်းအဝေးများတွင် သက်ဆိုင်ရာ ဥက္ကဋ္ဌသည် ယင်းအစည်းအဝေးများ၏ သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ယင်းအစည်းအဝေးများသို့ ဥက္ကဋ္ဌ မတက်ရောက်နိုင်သည့်အခါ အတွင်းရေးမှူးက သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

၂။ ကော်မီရှင်နှင့် ကော်မီရှင် အဖွဲ့ခွဲ အသီးသီး၏အစည်းအဝေးများတွင်သက်ဆိုင်ရာအဖွဲ့အစည်း၌ ပါဝင်သူဦးရေထက်ဝက်ကျော် တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

၃။ ကော်မီရှင်နှင့် ကော်မီရှင်အဖွဲ့ခွဲ အသီးသီး၏ အစည်းအဝေးများ၌မဲခွဲဆုံးဖြတ်ရန်အကြောင်းကိစ္စပေါ်ပေါက်ပါက အများစု ဆန္ဒမဲဖြင့် ဆုံးဖြတ်ချက် ချမှတ်ရမည်။

**ကော်မီရှင်နှင့် အဖွဲ့ခွဲများက အကူအညီများရယူခြင်း။**

၁၁။ ။ကော်မီရှင်နှင့် ကော်မီရှင် အဖွဲ့ခွဲများသည် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးနှင့် ပတ်သက်၍ လိုအပ်သောအကူအညီများကို နိုင်ငံတော်၏ ဝန်ထမ်းအဖွဲ့အစည်းများထံမှ သော်လည်းကောင်း၊ နိုင်ငံတွင်း နေထိုင်သူများထံမှ သော်လည်းကောင်း တည်ဆဲ ဥပဒေများနှင့်အညီ ရယူဆောင်ရွက်နိုင်သည်။

**ရွေးချယ်တင်မြှောက်ပွဲ အသုံးစရိတ်။**

၁၂။ ။(၁) ကော်မီရှင်သည် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများကျင်းပရန်အတွက် ခန့်မှန်းခြေ ကုန်ကျစရိတ်ကို တွက်ချက်၍ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေး ကောင်စီသို့ တင်ပြတောင်းခံ သုံးစွဲရမည်။

(၂) ပုဒ်မခွဲ(၁)အရ တောင်းခံရရှိသောငွေကိုကော်မီရှင်သည် ကော်မီရှင်အဖွဲ့ခွဲများသို့ သင့်လျော်သလို ခွဲဝေပေးရမည်။

**ကော်မီရှင်နှင့် ကော်မီရှင်အဖွဲ့ခွဲများအတွက် ဝန်ထမ်းများရရှိရေး။**

၁၃။ ။ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းများ ပြီးဆုံးသည်အထိ ကော်မီရှင်နှင့် ကော်မီရှင် အဖွဲ့ခွဲများအတွက် လိုအပ်သော ဝန်ထမ်းအကူအညီ ရယူခြင်းနှင့် စပ်လျဉ်း၍ ကော်မီရှင်သည်ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေး ကောင်စီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

**ကော်မီရှင်အဖွဲ့ဝင်နှင့် ကော်မီရှင်အဖွဲ့ခွဲဝင်များ အစားထိုး ခန့်ထားခြင်း။**

၁၄။ ။(၁) ကော်မီရှင်သည် တစုံတရာသော အကြောင်းကြောင့်အဖွဲ့ဝင်နေရာလစ်လပ်ခဲ့လျှင် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီက ယင်းနေရာအတွက် အဖွဲ့ဝင် အစားထိုး ခန့်ထားနိုင်သည်။

(၂) ကော်မီရှင် အဖွဲ့ခွဲတွင် တစုံတရာသော အကြောင်းကြောင့် အဖွဲ့ဝင်နေရာ လစ်လပ်ခဲ့လျှင်—

(က) ပြည်နယ် ကော်မီရှင်အဖွဲ့ခွဲ၏၊ သို့မဟုတ် တိုင်းကော်မီရှင် အဖွဲ့ခွဲ၏ အဖွဲ့ဝင်နေရာဖြစ်လျှင် ကော်မီရှင်ကလည်းကောင်း၊

(ခ) မြို့နယ် ကော်မီရှင်အဖွဲ့ခွဲ၏ အဖွဲ့ဝင်နေရာ ဖြစ်လျှင်၊ ပြည်နယ် ကော်မီရှင် အဖွဲ့ခွဲ၊ သို့မဟုတ် တိုင်းကော်မီရှင်အဖွဲ့ခွဲက လည်းကောင်း၊

(ဂ) ရပ်ကွက် ကော်မီရှင် အဖွဲ့ခွဲ၏၊ သို့မဟုတ် ကျေးရွာအုပ်စုကော်မီရှင် အဖွဲ့ခွဲ၏ အဖွဲ့ဝင်နေရာဖြစ်လျှင်၊ မြို့နယ်ကော်မီရှင် အဖွဲ့ခွဲကလည်းကောင်း

ယင်းနေရာအတက် အဖွဲ့ဝင်အစားထိုး ခန့်ထားနိုင်သည်။

(၃) ကော်မီရှင်၊ သို့မဟုတ် ကော်မီရှင် အဖွဲ့ခွဲတွင် အဖွဲ့ဝင်နေရာ လစ်လပ်ခြင်းကြောင့် ယင်းကော်မီရှင်၊ သို့မဟုတ် ကော်မီရှင် အဖွဲ့ခွဲ၏ လုပ်ငန်းများသည် ပျက်ပြယ်ခြင်း မရှိစေရ။

**တာဝန် ထမ်းဆောင်နေခြင်း ဟုသတ်မှတ်ခြင်း။**

၁၅။ ။မည်သူမဆို ကော်မီရှင်နှင့် ကော်မီရှင် အဖွဲ့ခွဲများတွင် အဖွဲ့ဝင်တဦးအဖြစ် ပါဝင်နေလျှင် သော်လည်းကောင်း၊ ဝန်ထမ်း တဦးအဖြစ် ပါဝင်နေလျှင် သော်လည်းကောင်း ယင်းသို့ပါဝင်ဆောင်ရွက်နေခြင်းသည် နိုင်ငံတော်၏ တာဝန်ကို ထမ်းဆောင်နေခြင်းဟု မှတ်ယူရမည်။

**အမိန့်များ၊ ညွှန်ကြားချက်များထုတ်ပြန်နိုင်ခွင့်။**

၁၆။ ။ကော်မီရှင်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် အမိန့်များနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) နေဝင်း၊

ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်။
(၁၉၇၃ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်။)

အမိန့်အရ၊

(ပုံ) ဒုတိယ ဗိုလ်မှူးကြီး မြကျော်၊

အတွင်းရေးမှူး၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။